EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# မေ့အသံ

အတွဲ(၁)၊ အမှတ်-၁ **လစဉ်သတင်းလွှာ** ဇွန် ၁၂ ရက်၊ ၂၀၁၉




## မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်

# အမျိုးသမီးတွေ ဘာပြောလဲ

**မေ ၁၇၊ ၂၀၁၉**

'မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ'နှင့် ပတ်သက်ပြီး သုတေသနအစီရင်ခံစာ (၂) ခု ဖတ်ကြားပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) နှင့် Inclusive Peace and Transition Initiative (IPTI)အဖွဲ့တို့ ပူးပေါင်း၍ တစ်နှစ်တာကာလ သုတေသနပြုလေ့လာထားသည့် အဆုံးသတ်သုတေသနအစီရင်ခံစာအတွက် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့-မြန်မာ (Joint Peace Fund) မှ ရန်ပုံငွေထောက်ပံ့ခြင်း ဖြစ်သည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ထိရောက်မှုအတိုင်းအတာနှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းမှုအလေ့အထ တည်ဆောက်ခြင်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်သော အခန်းကဏ္ဍ စသည့်အကြောင်းအရာ (၂)ခု ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းဆွေးနွေးပွဲတွင်ပါဝင်သော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လှုပ်ရှားနေသည့် အမျိုးသမီးများ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အမြင်များကို ဖော်ပြလိုက်ပါသည်။

### ငြိမ်းချမ်းရေးက ပိုပြီးဝေးလာတယ်လို့ ခံစားရတယ်

"အခုအခြေအနေမှာ ငြိမ်းချမ်းရေးက တော်တော်လေး အလုပ်မဖြစ်လာတဲ့အခါ ကျွန်မတို့ကျေနပ်တဲ့ အတိုင်းအတာတခုထိ (အားလုံးမပြည့်စုံသည့်တိုင်အောင်) ကျွန်မတို့သွားတဲ့အဆင့်တိုင်းမှာ လိုချင်တဲ့ဟာ မရတဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ ကိုယ်တိုင်ပါဝင်ရတဲ့ ကျွန်မတစ်ယောက်တည်း ခံစားချက်က မငြိမ်းမချမ်း ခံစားရတယ်။ ကျွန်မတို့က ပိုပိုပြီး ဝေးလာတယ်လို့ ခံစားရတယ်။"

### ငြိမ်းချမ်းရေးဖြစ်စဉ် မေ့မှိန်မသွားဖို့ အစိုးရက အဓိကပဲ

"ငြိမ်းချမ်းရေးဖြစ်စဉ်တွေ မေ့မှိန်မသွားဖို့အတွက် ဆုံးဖြတ်ချက်ချမှတ်တဲ့ အစိုးရက အဓိကပါပဲ။ အစိုးရကဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို တိတိကျကျဆောင်ရွက်ဖို့ လိုတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးထက် ပိုပြီးအရေးကြီးတာ ဘာမှမရှိပါဘူး။"

### နိုင်ငံကောင်းဖို့အတွက် ပြင်သင့်တာတွေ ပြင်ပေးပါ

"ပြီးတော့ NCA (Nationwide Ceasefire Agreement) ကို ပြန်ပြီး သုံးသပ်နေတာတွေလုပ်နေတယ်။ သုံးသပ်ပြီး ပြင်သင့်ရင် ပြင်ဖို့လိုပါတယ်။ ဖွဲ့စည်းပုံဆိုတာလည်း ပြင်သင့်ရင် ပြင်ရမှာပဲ၊ NCA လည်း ပြင်သင့်ရင် ပြင်ရမှာပဲ။ ကျွန်မတို့နိုင်ငံကောင်းဖို့အတွက်ဆို ဒါကိုပြင်ဖို့ ဝန်မလေးသင့်ပါဘူး။"



**ဒေါ်ဒွဲဘူ**
အဖွဲ့ဝင်၊ မြေယာနှင့်သယံဇာတသဘာဝ ပတ်ဝန်းကျင်အစုအဖွဲ့၊ UPDJC

ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။



**မသီတာ(စမ်းချောင်း)**
စာရေးဆရာမ

### စုပေါင်းအိပ်မက် ဆက်မက်ချင်တယ်

"တကယ့်ငြိမ်းချမ်းရေး အလေ့အထကောင်းတွေဖြစ်ဖို့ဆိုရင်တော့ အားလုံးက တူညီစွာ ဆုံးဖြတ်ထားတဲ့ စုပေါင်းအိပ်မက်တစ်ခုရှိရမယ်ဆိုတဲ့ စိတ်ကူးနဲ့ လှုံ့ဆော်ပါတယ်။ စုပေါင်းအိပ်မက်ဆိုတဲ့ဟာတစ်ခုကို အားလုံးဝိုင်းမက်ဖို့အတွက် ကျွန်မတို့လုပ်ခဲ့ကြတယ်။ ဆက်ပြီးတော့လည်းစုပေါင်းအိပ်မက်ကို ဆက်မက်ချင်ပါသေးတယ်။"

---



**မသဉ္ဇာရွှန်းလဲ့ရည်**
Advocacy Coordinator
Action Committee Democracy and Development (ACDD)

### လူငယ်တွေရဲ့အသံကို နားထောင်တဲ့ ယန္တရား မရှိဘူး

"စစ်ပွဲတွေရပ်ဖို့ လုပ်ရှားမှုတွေလုပ်လာတာ ၂၀၁၂ တည်းကဆိုတော့ အခုဆိုရင် (၇) နှစ် ရှိပြီပေါ့နော်။ ကျွန်မတို့ လူငယ်တွေစုစည်းပြီးလုပ်တဲ့အလုပ်တွေက ကတ္တူတော်တော်စုံခဲ့ပါပြီ။ ၂၁)ရာစုပင်လုံမှာ လူငယ်တွေအတွက် သီးသန့်ချန်နယ်လုပ်ဖို့ ကျွန်မတို့ ပုံစံအစုံနဲ့ တိုက်တွန်းတယ်။ လူငယ်တွေရဲ့အသံကို နားထောင်တဲ့ ယန္တရားမရှိဘူး။ လူငယ်တွေအသံနဲ့ တည်ရှိမှုကို နားလည်မပေးတဲ့အခါ အနာဂတ်ကို အလေးမထားဘူးလို့ ခံစားလာရတယ်။"



**ဒေါ်သန္တာဦး**
ဒါရိုက်တာ၊ Women and Peace Action Network (WAPAN)

### စိန်ခေါ်မှုထက် အခွင့်အလမ်းအနေနဲ့ စဉ်းစားကြမယ်

"ဒီလိုဖြစ်နေတဲ့ အခြေအနေမှာ စိန်ခေါ်မှုဆိုတာထက် အခွင့်အလမ်းတစ်ခုအနေနဲ့ စဉ်းစားကြရအောင်ပေါ့။ ဒါကို အခွင့်အလမ်းတစ်ခုအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် ပါဝင်နေတဲ့အဖွဲ့အစည်းတွေက ကိုယ့်ကိုယ်ကို ပြန်ပြီးသုံးသပ်နိုင်တယ်။ လုပ်ဖို့အခြေအနေရှိတယ်၊ လုပ်လည်းလုပ်သင့်တယ်။ နောက်ထပ် ပိုကောင်းတဲ့ပေါ်လစီတွေကို ပြန်ပြင်ဆင်နိုင်တဲ့ အနေအထားရှိတယ်။ အဲဒီလိုမျိုးပဲ အရပ်ဘက်အဖွဲ့အစည်းတွေကလဲ (၂၁) ရာစုပင်လုံက သွားသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ ကိုယ်လုပ်နိုင်တဲ့ ကိစ္စတွေကို သွားနေလို့ ရတယ်။"

---



**ဒေါ်နန်းဖြူဖြူလင်း**
National Advisor
Alliance for Gender Inclusion in Peace Process (AGIPP)

### ငြိမ်းချမ်းရေးရဲ့လားရာ ဘယ်ကိုသွားနေလဲ ခန့်မှန်းမရဖြစ်နေတယ်

"ငြိမ်းချမ်းရေးရဲ့လားရာက ဘယ်လဲဆိုတာ ကျွန်မတို့လည်းမသိဘူး။ ၂၀၂၀ ရွေးကောက်ပွဲပြီးသွားရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ ပုံသဏ္ဌာန်တွေ၊ နာမည်တွေ၊ ဖွဲ့စည်းပုံတွေရော ပြောင်းဦးမှာလားလို့ ကျွန်မတို့ အရပ်ဘက်အဖွဲ့အစည်းတွေက ဆုံးဖြတ်ချက်ချတဲ့အဆင့်မဟုတ်တဲ့အတွက် ဘယ်လိုမှပြောလို့မရတဲ့အနေအထား ဖြစ်နေပါတယ်။"

### ချိတ်ဆက်မှု အားနည်းနေတယ်

"အခုဆိုရင် နိုင်ငံတော်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများကော်မတီဆိုတာ ရှိတယ်။ အဲ့ဒီမှာ အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေး Technical Working Group ဆိုတာ ရှိတယ်။ သူတို့တွေက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမျိုးသမီးများငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူပြုဖို့ အစိုးရဝန်ကြီးဌာနတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းထားတယ်။ ဒါပေမယ့် အဲ့ဒီနေရာနဲ့ တကယ်သွားနေတဲ့ UPC နဲ့ ချိတ်ဆက်မှု မရှိဘူး။ လူတွေပဲချိတ်နေတာ ယန္တရားတွေက ချိတ်မနေဘူး။"

### ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရပ်ဘက်အဖွဲ့အစည်းတွေ တရားဝင်ပါဝင်ခွင့်ရချင်တယ်

"တကယ်တော့ ပြည်သူတွေကို ကိုယ်စားပြုတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက ပြည်သူ့အသံတွေကို သယ်ဆောင်ပြီး ပိုကောင်းတဲ့မူဝါဒတွေ ချမှတ်ဖို့ အကြံတွေ အများကြီးပေးနိုင်တယ်။ ဒါပေမယ့် တရားဝင်ပေးခွင့်မရှိဘူး ဖြစ်နေတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေက နိုင်ငံရဲ့အရေးကြီးတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရားဝင်ပါဝင်ခွင့်နဲ့ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ တတ်ကျွမ်းမှုကို တရားဝင်အသိ အမှတ်ပြုရင် သိပ်ကောင်းမှာပါပဲ။"

# ကျေးလက်နေ အမျိုးသမီးများ ဘဝမြှင့်တင်ပေးရေး လွှတ်တော်တွင် တိုက်တွန်း

မေ-၄၊ ၂၀၁၉

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသနေရာအများအပြားမှ အမျိုးသမီးများ၏ လူမှုဘဝကိုလည်းမြှင့်တင်ရန် လိုအပ်သဖြင့် အစိုးရအနေဖြင့် လုပ်ဆောင်ပေးရန် မေလ(၃)ရက်နေ့ကပြုလုပ်သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တိုက်တွန်းလိုက်သည်။

ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝကို မြှင့်တင်ပေးခြင်း မရှိပါက ကျေးလက်များပျောက်ကွယ်သွားနိုင်သဖြင့် ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန်၊ နိုင်ငံ့စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ ရေခြားမြေခြားတွင် အလုပ်သွားလုပ်ခြင်းကို လျှော့ချရန်၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများဖော်ဆောင်ရန် အသိပေးခြင်း၊ ရင်းနှီးရန် ငွေကြေးစီမံပေးခြင်း၊ ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ပစ္စည်းများဖန်တီးတတ်ရန် အားပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းကို သက်ဆိုင်ရာဌာနများ စုပေါင်းအင်အားဖြင့် ဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပဲခူးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းက တင်သွင်း ခဲ့သည်။

လက်ရှိကာလတွင် ကျေးလက်ကိုစွန့်ခွာ၍ ရွှေ့ပြောင်းလုပ်သားများ အဖြစ် သွားရောက် အလုပ်လုပ်ကိုင်နေသဖြင့် ကျေးလက်တွင် လယ်ယာလုပ်သားများ ရှားပါးနေချိန်ဖြစ်ကြောင်း၊ အမျိုးသမီးများအတွက်လည်း ကျေးလက်တွင် အဆင်မပြေသဖြင့် မြို့ပြသို့လည်းကောင်း၊ တခြားတဖက်နိုင်ငံသို့လည်းကောင်း သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရခြင်း၊ မြို့ပြတွင် ကျူးကျော်များ များပြားလာခြင်း၊ လိင်အကြမ်းဖက်မှုများ ကြုံနေရခြင်းဖြင့် အမျိုးသမီးဘဝလုံခြုံမှုမရှိတော့ကြောင်း ဒေါက်တာတင်တင်ဝင်းက ဆိုသည်။

၎င်းက "ယခုအတိုင်း ဆက်လက်၍ ကျေးလက်ကို ပစ်ထားမည်ဆိုလျှင် ကျေးလက်များ ဆိတ်သုဉ်းသွားနိုင်ပါတယ်"ဟု ပြောသည်။

ယခုအဆိုအား အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးကော်မတီဝင်များ မိမိတို့မဲဆန္ဒနယ်မှာတွေ့ရှိခဲ့သော အမျိုးသမီးကိစ္စများကိုအခြေခံ၍ ပြောကြားခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ တွေ့ရှိချက်အရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေသူများဖြစ်ပြီး လူဦးရေ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြောင်း၊ မြို့ပေါ်သို့ အလုပ်သွားမလုပ်ဘဲ အိုးမကွာ၊ အိမ်မကွာ သင့်တင့်မျှတသော ဝင်ငွေရရှိနိုင်ရန် နိုင်ငံစီးပွားရေးတွင် ပို့ကုန်မြှင့်တင်ရာ၌ ပါဝင်ရန် ရည်ရွယ်ကြောင်း၊ ကျေးလက်အမျိုးသမီးများ၏ ဘဝကို ပြောင်းလဲစေလိုသောဆန္ဒဖြင့် တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အမျိုးသမီးမှာ လူဦးရေ၏ ၅၀.၅ ရာခိုင်နှုန်းရှိပြီး၊ အမှန်တကယ် အလုပ်ပေးနိုင်သူ ၂၀ ရာခိုင် နှုန်းခန့်သာ အလုပ်ပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်နေ အမျိုးသမီးများ



ဓာတ်ပုံ- Amyotha Hluttaw Facebook page

ရင်ဆိုင်နေရသည့်အခက်ခဲများမှာ ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ ကျန်းမာရေးအသိပညာနှင့်ကျောင်းပညာရေးတွင် အကန့်အသတ်ဖြင့်သာ ရှိနေခြင်းဖြစ်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသူ မွန်ပြည်နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်က လွှတ်တော်သို့ ထောက်ခံဆွေးနွေးခဲ့သည်။

အမျိုးသမီးများ၏ အခန်းကဏ္ဍကို လျစ်လျူရှုထား၍ မရကြောင်း၊ ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန်အတွက် ပစ္စည်းကိရိယာများ၊ နည်းပညာများ ၊ ငွေကြေး အရင်းအနှီးပံ့ပိုးမှုများကို နိုင်ငံတော်မှ မူဝါဒများချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်သဖြင့် ဒေါက်တာတင်တင်ဝင်း အဆိုကို ထောက်ခံခဲ့ခြင်းဖြစ်သည်ဟု ဒေါ်နွယ်နွယ်အောင်က ဆိုသည်။

၎င်းအဆိုကို NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်ကမူ ကန့်ကွက်ခဲ့သည်။ ၎င်းက ဆွေးနွေးမှုမှာ လက်ရှိတွင် အစိုးရအနေဖြင့် အမျိုးသမီးများအတွက် အပါအဝင် တစ်နိုင်ငံလုံး စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်အစီအစဉ်များကို စနစ်တကျဆောင်ရွက်နေမှုကို ထင်သာမြင်သာသည့် အခြေအနေတွင် ရှိကြောင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း စသည့်ကိစ္စရပ်များသည် ဌာနအသီးသီး၊ စီမံကိန်းအသီးသီးတို့ဖြင့် ဆောင်ရွက်မှုများ ရှိနေသည်ဟု ရှင်းပြသည်။

၎င်းက "လက်ရှိမှာ ကျေးလက်ဒေသကို ဒီလိုပဲ ပစ်ထားမယ်ဆိုရင် အင်မတန်ဆိုးဝါးမယ်ဆိုတဲ့ အနေအထားမျိုး ကျွန်တော်တို့ ကြားရပါတယ်။ လက်ရှိ ကျွန်တော်တို့အစိုးရက ကျေးလက်ဒေသ၏ ဖွံ့ဖြိုးရေးကို ပစ်ထားတယ်ဆိုတဲ့အမြင် ကျွန်တော့်အနေနဲ့ မမြင်ရပါဘူး"ဟု ပြောသည်။

ထိုသို့ ကန့်ကွက်သူ ရှိသဖြင့် လွှတ်တော်မှအဆိုကို ဆွေးနွေးသင့်၊ မသင့်ကို မတ်တပ်ရပ်ဆန္ဒပြုသည့် နည်းလမ်းဖြင့် မဲခွဲခဲ့ပြီး၊ မတ်တပ်ရပ်၍ ထောက်ခံသူ ၄၀ ဦးရှိပါက လက်ခံဆွေးနွေးမည်ဖြစ်ပြီး ၄၀ ဦးမပြည့်ပါက လက်ခံဆွေးနွေးမည် မဟုတ်ကြောင်း၊ မတ်တပ်ရပ်၍ ထောက်ခံဆွေးနွေးသူ ၁၀၀ ကျော်ရှိခဲ့သဖြင့် မကြာမီ အဆိုကိုလက်ခံဆွေးနွေးမည် ဖြစ်သည်။

**(ကိုးကား- The Irrawaddy Burmese Edition)**

# အမျိုးသားတွေကြီးစိုးတဲ့ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ လမ်းဖောက်ခြင်း

**မေ ၁၊ ၂၀၁၉**

ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ဖို့ ကြိုးစားနေသည့် မြန်မာနိုင်ငံတွင် အမျိုးသမီးလူငယ်တက်ကြွလှုပ်ရှားသူများ အများအပြားပေါ်ထွက်လာသည်။ မသဉ္ဇာရွှန်းလဲ့ရည်လိုလူငယ်များသည် ဖမ်းဆီးခြိမ်းခြောက်မှုများ ရှိပေမယ့်လည်း ကြောက်ရွံ့မှုမရှိဘဲ သူတို့၏ ဆန္ဒများ၊ ယုံကြည်ချက်များကို ဖော်ထုတ်ရန် အဆင်သင့်ရှိကြသည်။

မီဒီယာနဲ့ ဆက်ဆံရေးအလုပ်လုပ်နေတဲ့ မသဉ္ဇာရွှန်းလဲ့ရည်သည် အရှေ့တောင်အာရှအတွက်ချီးမြှင့်တဲ့ အနာဂတ်အမျိုးသမီးများဆု (The Women of the Future Award) ကို ရရှိခဲ့သည်။ မသဉ္ဇာရွှန်းလဲ့ရည်သည် မြန်မာ၊ ကမ္ဘောဒီးယား၊ စင်္ကာပူနှင့် မလေးရှားနိုင်ငံများက ကုမ္ပဏီဒါရိုက်တာ (၂) ဦး၊ အာမခံအရာရှိ၊ ဈေးကွက်မြှင့်တင်ရေးမန်နေဂျာနှင့် အနုပညာရှင်တို့ပါဝင်သည့် ဆန်ခါတင် (၆) ဦးထဲမှ ရွေးချယ်ခံခဲ့ရခြင်း ဖြစ်ပါသည်။

အရှေ့တောင်အာရှ ဒေသများအတွက် ဒီဆုပေးပွဲကို စင်္ကာပူနိုင်ငံတွင် ဒုတိယအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သည့် (၁၃) နှစ်တည်းက စတင်ခဲ့သည့် ဒီဆုသည် မတူကွဲပြားသည့်ကဏ္ဍများက ထူးချွန်သည့် အမျိုးသမီးများကိုရှာဖွေပြီး အသိအမှတ်ပြုခြင်း ဖြစ်သည်။

"ဒီဆုက ကျွန်မလို တက်သစ်စ လူငယ်အမျိုးသမီး တက်ကြွလှုပ်ရှားသူတစ်ဦးအတွက် အရမ်းအရေးပါပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ၊ လယ်သမားတွေ၊ အလုပ်သမားတွေ၊ နိုင်ငံရေး အကျဉ်းသားတွေ၊ ရွာသားတွေနဲ့ အခြားတက်ကြွလှုပ်ရှားသူတွေနဲ့အတူ ကျွန်မအလုပ်ရဲ့ အရေးပါမှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ" ဟု သူမက ဆိုသည်။

"ကျွန်မတို့ရဲ့အသံတွေကို နိုင်ငံတကာကကြားပြီး ကမ္ဘာ့အဆင့် အသိအမှတ်ပြုခံခဲ့ရပါပြီ။ အရှေ့တောင်အာရှက အခြားစွမ်းဆောင်ရည်ရှိသူတွေနဲ့အတူ ဆုချီးမြှင့်ခံရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကျွန်မရဲ့ တိုင်းပြည်နဲ့ အနာဂတ်အတွက် လုပ်ဆောင်ဖို့ ကျွန်မရဲ့ မျှော်လင့်ချက်နဲ့ ယုံကြည်ချက်တွေ တိုးမြှင့်သွားပါတယ်။" လို့ သူမက ပြောသည်။

## မျိုးဆက်သစ်အတွက် အားအင်

ငွေဆုနှင့်ပတ်သက်၍ သူမအဖို့ တာဝန်



> "ကျွန်မတို့နိုင်ငံရဲ့ ရှေးအစဉ်အဆက်က အမြစ်တွယ်နေတဲ့ ဒီပြဿနာဟာ မူဝါဒဆိုးတွေ အကောင်အထည်ဖော်ပြီး ဆင်းရဲနွမ်းပါးမှုထဲမှာ ပိတ်မိနေတယ်လို့ ကျွန်မတော့ ထင်တယ်။"

တစ်စုံတစ်ရာမရှိသလို ချည်နှောင်မှုလည်း မရှိပါဘူး။ သူမအလုပ်သည် ကမ္ဘာထိ ပိုပြီးကျယ်ပြန့်လာစေရန်နှင့် မျိုးဆက်သစ် အမျိုးသမီးခေါင်းဆောင်များ အတုယူနိုင်ရန်အတွက် ဒီဆုက သူမအပေါ် အခွင့်အရေးတစ်ခုပေးခြင်း ဖြစ်သည်။

"လူတွေက ကျွန်မရဲ့အလုပ်နဲ့ ကျွန်မယုံကြည်ချက်ကို ကျောထောက်နောက်ခံလုပ်ပေးဖို့ အတွက် အားအင်ဖြစ်စေတယ်လို့ ကျွန်မခံစားရတယ်" ဟု သူမက ဆိုသည်။

ဒေသတွင်းရှိ စီးပွားရေးသမား၊ စွန့်ဦးတီထွင်သူ၊ ပညာရှင်၊ လူမှုရပ်ရွာလုပ်ငန်း၊ အနုပညာနှင့် ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာ၊ လမ်းညွှန်မှု၊ အခြေခံအဆောက်အအုံနှင့် ဆောက်လုပ်ရေးပိုင်းရှိ အမျိုးသမီးများနှင့်အတူ မီဒီယာနှင့်ဆက်ဆံရေးနယ်ပယ်မှာ ဒီဆုချီးမြှင့်ခြင်းက အောင်မြင်မှုများထွက်ပေါ်လာမှာ ဖြစ်သည်။

"ကျွန်မအနေနဲ့ အရှေ့တောင်အာရှရဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ပြဿနာတွေကို

အခြားလူငယ်အမျိုးသမီးတွေနဲ့ အမြင်ချင်း ဖလှယ်သွားပါမယ်။ ကျွန်မတို့ အမျိုးသမီးတွေဟာ လိင်ပိုင်းဆိုင်ရာနဲ့ ယဉ်ကျေးမှုပိုင်းဆိုင်ရာ အတားအဆီးတွေကို နိုင်ငံအများစုမှာ ရင်ဆိုင်နေရပါတယ်။ သက်ဆိုင်ရာနယ်ပယ်မှာ ကျွန်မတို့အတွက် အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေပါတယ်။ ဒါပေမယ့် ဒါတွေကို ကျွန်မတို့ တွန်းလှန်နေတယ်။ ဒါ့ကြောင့် အနာဂတ်မျိုးဆက်သစ်တွေ လုပ်ပိုင်ခွင့်ပိုရလာဖို့ ကျွန်မတို့ ကြိုးစားရမှာပါ" ဟု သူမက ဆိုသည်။

ပထမဆုံးအရပ်သားအစိုးရသည် စွမ်းဆောင်ရည်နှင့်နိုင်ငံရေးစိတ်ဝင်စားမှုကင်းမဲ့ခြင်းအပါအဝင် စိန်ခေါ်မှုမျိုးစုံကြားမှာ အောင်မြင်မှုရရှိရန် ရုန်းကန်နေရသည်ဟု မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအပေါ် သူမက သုံးသပ်သည်။

"ဒါပေမယ့်လည်း ကျွန်မမှာ မျှော်လင့်ချက်တွေ ရှိနေသေးတယ်။ ကျွန်မတို့မှာ အနာဂတ်မျိုးဆက်သစ်တွေ ရှိနေတယ်။ ဒီမိုကရေစီအခွင့်အရေးတွေနဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်ကိုအလေးထားတဲ့ စဉ်းစားတွေးခေါ်တတ်တဲ့လူအနည်းငယ်အုပ်စုလေး ရှိနေတယ်။ ကျွန်မတို့အနာဂတ်က ကောင်းမွန် တဲ့အနာဂတ် ဖြစ်လာနိုင်တယ်။ ကျွန်မတို့အကောင်းဆုံးဖြစ်ဖို့ဆက်ကြိုးစားရမယ်" ဟု သူမက ပြောသည်။

သူမသည် သာမန်ငယ်ရွယ်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမတွင် အားနည်းချက် ရှိပါသည်။ လူအများက အလွယ်တကူပင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်နိုင်သည်။ သူမအနေနှင့် တက်ကြွလှုပ်ရှားသူတစ်ယောက် ဖြစ်လာသည့်အခါ ခြိမ်းခြောက်ခြင်းနှင့် ဖိနှိပ်ခြင်းခံရသည့် လူနည်းစုကဲ့သို့ သူမ ထပ်မံခံစားရသည်။

နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို အားမပေးသည့် ဒီနိုင်ငံမှာ တက်ကြွလှုပ်ရှားသူများသည် နိုင်ငံရေးအမြင်နှင့် ဝေဖန်မှုများအတွက် မတရားဖမ်းဆီးခံရမှု၊ ထောင်ကျခံရမှုများဖြစ်နိုင်သည့်အတွက် ပြည်သူများအနေနှင့် နိုင်ငံရေးနှင့်ပတ်သက်၍ စိတ်ဒဏ်ရာများ ရှိကြသည်။

## စိန်ခေါ်မှုများကို ကျော်လွှား၍

"ဒီနယ်ပယ်က ကျွန်မအတွက် အသစ်ဖြစ်သလို ကန့်ကွက်မှုတွေလည်း များစွာရှိတယ်။ ဒါ့အပြင် ကျွန်မမိသားစု၊ ပညာရေး၊ ပတ်ဝန်းကျင်၊ လူမှုအသိုင်းအဝိုင်းနဲ့ ယဉ်ကျေးမှုဆိုတဲ့ အကန့်အသတ်တွေလည်း ရှိတယ်။ ကျွန်မရဲ့အတွေးအမြင်ကို ဖော်ပြတဲ့အခါ လူတွေက ကျွန်မမိဘတွေကိုတောင် ကျွန်မကို ရပ်တန့်ဖို့ပြောတဲ့အထိ ဝေဖန်မှုတွေ ရှိခဲ့တယ်"လို့ သူမက ပြောသည်။ ယင်းစိန်ခေါ်မှုများကို သူမက ဖွဲ့ကောင်းကောင်းနှင့် ကျော်လွှားခဲ့သည်။



ဓာတ်ပုံ- သဇ္ဇာရွှန်းလဲ့ရည်ဖေ့စ်ဘွတ်

သူမ၏စိတ်တွင် ပန်းတိုင်ရှိနှင့်ခဲ့ပြီးဖြစ်သည်။ "မတူကွဲပြားတဲ့ အသိုက်အဝန်းမှာ မျှမျှတတနဲ့ လူအခွင့်အရေးကို အမျိုးသားဦးစားပေးတစ်ရပ်အနေနဲ့ရရှိဖို့ လူမှုဒီမိုကရေစီစံနှုန်းတွေနဲ့အညီ ဖက်ဒရယ်ပြည်ထောင်စုကို ကျွန်မလိုချင်တယ်။" သူမက ဆိုသည်။

မည်သို့ပင် အခက်အခဲများရှိသော်လည်း သူမကဲ့သို့ တက်ကြွလှုပ်ရှားသူများသည် လူငယ်တစ်ဦး၊ အမျိုးသမီးတစ်ဦး၊ တိုင်းရင်းသားနှင့် လူနည်းစုများ၊ မသန်စွမ်းသူနှင့် လိင်စိတ်ကွဲပြားသူများအတွက် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောသည်။

"မျိုးဆက်သစ် လူငယ်တွေအနေနဲ့ အပြောင်းအလဲအတွက် သက်ရောက်မှုတွေကို လုပ်ဆောင်နိုင်တယ်၊ စွမ်းဆောင်နိုင်တယ်ဆိုတာ သူတို့ကိုယ်သူတို့ ဘယ်တော့မှ အထင်မသေးဖို့လိုတယ်။ တကယ်လို့ ကျွန်မတို့ရဲ့အခွင့်အရေးနဲ့ တာဝန်တွေကို သိတယ်ဆိုရင် ကျွန်မတို့ကိုယ်ပိုင်နေရာလေးအတွက် တောင်းဆိုဖို့ ဘာတွေပြင်ဆင်မှုလုပ်မယ်ဆိုတဲ့ တာဝန်ခံမှုတွေရှိမှာ ဖြစ်တယ်။ ဒါဆို ကျွန်မတို့ မဆုံးရှုံးတော့ဘူး။ ကျွန်မတို့မှာ အမှောင်ချထားတဲ့ အတွေ့အကြုံတွေ ရှိခဲ့တယ် ဒါပေမယ့် ကျွန်မတို့ မျက်လုံးတွေနဲ့ အားလုံးကြိုးစားပြီး ကြည့်မယ်ဆိုရင် အလင်းရောင်က ပိုပြီးတောက်ပလာမှာပါ"သူမက ဆိုသည်။

အမျိုးသားကြီးစိုးတဲ့ လူ့အသိုင်းအဝိုင်းကြီးကို ချိုးဖျက်ဖို့ အမျိုးသမီးများကို သူမက တိုက်တွန်းခဲ့သည်။ မြန်မာ့လူဦးရေ၏ ၅၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သော်လည်း အစိုးရဝန်ကြီး ၁၃၇ ယောက်တွင် (၆) ယောက်သာ အမျိုးသမီးများဖြစ်ပြီး၊ လွှတ်တော်တွင် (၁၃)ယောက်သာ အမျိုးသမီးကိုယ်စားလှယ်များအဖြစ် ရှိနေသည်။ အုပ်ချုပ်ရေးမှူး (၃၃၀) တွင် တစ်ယောက်သာ အမျိုးသမီးဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး (၁၆၇၄၃)တွင် (၈၇)ယောက်သာ အမျိုးသမီးများ ဖြစ်သည်။

"အမျိုးသမီးတွေရဲ့နေရာက အိမ်ထဲမှာ မဟုတ်ပါဘူး။ လွှတ်တော်အဆောက်အအုံထဲမှာပါ။ ကျွန်မတို့က ကိုယ်စားပြုမှုကို ကျော်ခိုင်းမယ်ဆိုရင် ဒါက အဆင်မပြေပါဘူး။ ကျွန်မတို့နိုင်ငံရဲ့ ရှေးအစဉ်အဆက်က အမြစ်တွယ်နေတဲ့ ဒီပြဿနာဟာ မူဝါဒဆိုးတွေ အကောင်အထည်ဖော်ပြီး ဆင်းရဲနွမ်းပါးမှုထဲမှာ ပိတ်မိနေလို့ ကျွန်မတော့ထင်တယ်။ ဒါက တကယ်အဆင်မပြေပါဘူး။ ကျွန်မတို့အနေနဲ့ ဒီအသိုင်းအဝိုင်းကြီးကို ချိုးဖျက်ဖို့ လိုပါတယ်။"

**(ကိုးကား:- Myanmar Times)**

***ရွှေလေး ဘာသာပြန်သည်။***

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား




"နိုင်ငံရေးမှာ
တစုံတစ်ခုပြောချင်ရင်
အမျိုးသားတွေကိုမေးပါ
တစုံတစ်ခု ပြီးမြောက်ချင်ရင်
အမျိုးသမီးတွေကို မေးပါ"

------ Margaret Thatcher

# ကျား-မရေးရာခွဲခြားမှုတချို့ရှိနေသည့် နာဂစ်လွန်ကာလ လူမှုဘဝ

**မေ ၁၆၊ ၂၀၁၉**

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ ထိခိုက်မှုခံခဲ့ရပြီး ဘေးအန္တရာယ်အလွန် တုံ့ပြန်ဆောင်ရွက်မှုများတွင် အမျိုးသားများအပေါ် ဘက်လိုက်မှုများရှိနေသည်ဟု "နာဂစ်လွန်ကာလ လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု သုတေသန"အရ သိရသည်။

ယင်းသုတေသနသည် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သည့် (၁၁) နှစ်ပြည့်သည့် ယခုလတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဆယ်နှစ်တာကာလအထိ နာဂစ်မုန်တိုင်းနှင့် ကူညီထောက်ပံ့ရေးအစီအစဉ်များ၏ ထိရောက်မှု၊ သက်ရောက်မှုများနှင့် မုန်တိုင်းဒဏ်သင့်ဒေသများ၏ အခြေအနေများကို စောင့်ကြည့်လေ့လာ၍ သုတေသနပြုလုပ်ထားခြင်းဖြစ်သည်။ ယင်းသုတေသနထဲတွင် ကျား-မရေးရာ ရှုထောင့်ဖြင့် လေ့လာတွေ့ရှိမှုအရ နာဂစ်မုန်တိုင်းကြောင့် အမျိုးသားများထက် အမျိုးသမီးသေဆုံးမှုပိုများပြီး မုန်တိုင်းတိုက်ခတ်ခဲ့သည့်ညတွင် သေဆုံးခဲ့သူများ၏ ၆၁ ရာခိုင်နှုန်းဖြစ်ခဲ့သည်ဟု ရေးသား ထားသည်။

ထို့အပြင် ဘေးအန္တရာယ်အလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကို အမျိုးသားများက စိုးမိုးထားဟန်ရှိပြီး ၎င်းသည် အမျိုးသားများဘက်သို့ ဘက်လိုက်မှုဖြစ်ပေါ်စေနိုင်သလို အမျိုးသမီးများ၏လိုအပ်ချက်နှင့် အသက်မွေးမှုများကို ထိခိုက်နစ်နာစေသည်ဟု သုတေသနအရ သိရသည်။ ဘေးအန္တရာယ်အလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အထောက်အပံ့များတွင် တချို့ဆောင်ရွက်ချက်များ (ဥပမာ- ရေနှင့်ရေဆိုးစနစ်)သည် အမျိုးသားများနည်းတူ သို့မဟုတ် အမျိုးသားများထက်ပိုပြီးအကျိုးဖြစ်စေသော်လည်း အမျိုးသမီးများအတွက် သီးသန့်ရည်ရွယ်သော ထောက်ပံ့မှုများနည်းပါးသည်ဟု သုတေသနက တွေ့ရှိသည်။

ကျား-မကဏ္ဍနှင့် ချေးငွေလက်လှမ်းမီမှုအပိုင်းမှာလည်း အမျိုးသမီးများ ငွေချေးနိုင်မှုကို သက်ရောက်နေသော လူမှုကန့်သတ်ချက်များနှင့် ဖိအားများရှိနေဆဲဖြစ်သည်ဟု သုတေသနက ထောက်ပြသည်။ တချို့သင်တန်းအစီအစဉ်များ (ဥပမာ- စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းများ)ဖြင့် ချိတ်ဆက်ထားသော ချေးငွေအစီအစဉ်များသည် အမျိုးသမီးများ၏ အိမ်မှုကိစ္စများကြောင့် သင်တန်းတွင်မပါဝင်နိုင်လျှင် ချေးငွေမရနိုင်သည့်အဖြစ်မျိုး ရှိနေသည်။ အမျိုးသမီးအဖွဲ့များကို ထောက်ပံ့သည့် အသေးစားငွေချေးအစီအစဉ်ကတော့ အမျိုးသမီးများအတွက် ရည်ရွယ်သော အထင်ရှားဆုံး လုပ်ဆောင်ချက်ဖြစ်သည်ဟု ဆိုသည်။

ယင်းသုတေသနကို ကမ္ဘာ့ဘဏ်မြန်မာနှင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **ရွှေလေး**

# ၂၀၂၀ ရွေးကောက်ပွဲ အမျိုးသမီးကဏ္ဍမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မေ ၉၊ ၂၀၁၉**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကာက်ပွဲတွင် ပါဝင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အားပေးပံ့ပိုးခြင်းနှင့် အမုန်းစကားနှင့် မမှန်ကန်သော သတင်းအချက်အလက်များ တိုက်ဖျက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ မေလ (၈) ရက်နေ့က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) တွင် အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအားလုံး ပါဝင်ဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊ အားလုံးပါဝင်မှုမြှင့်တင်ခြင်း အခန်းများကို ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌ ဦးလှသိန်းက ဆိုသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၉၁) ခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း (၆၀၃၈) ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်သူများတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း (၇၉၃) ဦး ပါဝင်ခဲ့ပြီး (၁၅၁) ဦး အနိုင်ရရှိခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ရာတွင်လည်း အမျိုးသမီးများပါဝင်မှု တိုးတက်လာအောင်ဆောင်ရွက်ခဲ့ကြောင်း ပြောသည်။

ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှု ပြုလုပ်ကြမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အမုန်းစကားများ၊ သတင်းမှားများဖြင့်တိုက်ခိုက်မှုများ မပြုလုပ်ကြရန်လိုကြောင်း ဥက္ကဋ္ဌဦးလှသိန်းကပြောသည်။ တက်ရောက်လာသူများက ကျား-မ တန်းတူညီမျှရေး၊ အမျိုးသမီးကဏ္ဍမြှင့်တင်ရေးနှင့် အမုန်းစကားနှင့် မမှန်ကန်သော သတင်းအချက်အလက်များကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးအကြံပြုခဲ့ကြသည်။